## Highlights from DVB Debate's Reconciliation?

## "How real is the Reconciliation?"

## 14/3/2015

"ကျနော်တို့ တိုင်းရင်းသားတွေစုံရင် တိုင်းရင်းသားတွေရဲ့ အမြင်နဲ့ ခံစားချက်တွေ ထွက်လာတယ်. ဘယ်တိုင်းရင်းသားမှ ဒီအစိုးရကို မယုံဘူး..အဲဒါ အင်မတန်ခက်ခဲတဲ့ ကိစ္စ။ အမျိုးသားပြန်လည်သင့်မြတ်ရေးကို တကယ် တည်ဆောက်မယ်ဆိုရင် အစိုးရမှာ တာဝန်အကြီးဆုံး"

ပဒိုမန်းငြိမ်းမောင် - ကရင်အမျိုးသားအစည်းအရုံး ဗဟိုအလုပ်အမှုဆောင်ကော်မတီ

---

"အဓိက ကျနော်တို့ မညီညွတ်ရတဲ့ အခြေခံအကြောင်းရင်းကိုရှာရမယ်။ အရင်းခံကိုမပြောဘဲ သာမန်လေး ဒီနားလေး ဖြတ်ဖြေရှင်းသွားလို့မရဘူး။ အရင်းခံက မတူကွဲပြားတဲ့ လူမျိုးတွေ အတူတူနေလို့ရအောင် အားလုံးလက်ခံနိုင်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ အတူတူသွားမှပဲ စစ်မှန်တဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးသွားလို့ရမယ်"

နိုင်ဟံသာဗွန်ခိုင် - မွန်ပြည်သစ်ပါတီ ဗဟိုကော်မတီ

---

"ယုံကြည်မှုက အရမ်းအရေးကြီးတယ်။ နှစ်ပေါင်း ၆၀ ကျော်ကျော်လောက် ကျမတို့ အချင်းချင်း တိုက်ခဲ့တယ်.သတ်ဖြတ်ခဲ့တယ်ဆိုတော့ အမျိုးသားပြန်လည်သင့်မြတ်ရေးကို ချက်ချင်း တည်ဆောက်ဖို့ကမလွယ်ဘူး"

မိကွန်းချမ်းနွန် - မွန်အမျိုးသမီးအဖွဲ့ ဒု-ဥက္ကဋ္ဌ

---

"အမျိုးသားပြန်လည်သင့်မြတ်ရေးက ကြာကိုကြာမှာ။ ပဋိပက္ခမှာပါဝင်တဲ့ နှစ်ဖက်စလုံးကလူတွေဟာ အာဃာတတွေ ဘယ်လောက်လျှော့နိုင်သလဲ၊ ရန်ငြိုးရန်စတွေ ဘယ်လောက်သင်ပုန်းချေနိုင်သလဲ၊ သံသယတွေဘယ်လောက်ဖြေဖျောက်နိုင်သလဲ အဲအပေါ်မှာ တည်တယ်"

ပဒိုမန်းငြိမ်းမောင် - ကရင်အမျိုးသားအစည်းအရုံး ဗဟိုအလုပ်အမှုဆောင်ကော်မတီ

---

"အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်တဲ့အခါ ကိုယ်ချင်းစာတရားရှိဖို့၊ နိုင့်ထက်စီးနင်းမလုပ်ဖို့ လိုပါလိမ့်မယ်။ ကိုယ်ကအသာစီးရဖို့ အရင် ချုပ်ကိုင်ထားပြီး.. စည်းတားထားပြီး၂၀၀၈ကိုကိုင်ထားပြီးမှ အမျိုးသားပြန်လည်သင့်မြတ်ရေးမလုပ်ဖို့ လိုတယ်။ တန်းတူညီမျှ၊ တန်းတူရည်တူရှိဖို့"

နိုင်စံလွိုင် - မွန်အမျိုးသားပါတီ

---

“ကျနော်တို့ ပြည်တွင်းစစ် နှစ်ပေါင်း ၆၇ ကျော်လေ တိုင်းပြည်ကျိုးကြေသွားပြီ။ ကျနော်တို့ အမျိုးသားတွင်းမှာတောင် ပြန်လည်သင့်မြတ်ရေးတည်ဆောက်နေရတယ်. တတိုင်းပြည်လုံးတည်ဆောက်ရမယ်။ ကုစားရမယ်။”

ပဒိုမန်းငြိမ်းမောင် - ကရင်အမျိုးသားအစည်းအရုံး ဗဟိုအလုပ်အမှုဆောင်ကော်မတီ

---